သတ်ပစ်ဖို့ ပြောကြပါတယ်တဲ့။ ကျွန်မ ခန္ဓာကိုယ်ဟာ ပြောင်းဖူး သေးသေးလောက်ပဲ ရှိပါတယ်တဲ့။ ကျွန်မရဲ့မျက်နှာက မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ နှဖူး နေရာသေးသေးလေးမှာ ပြွတ်သိပ်နေတော့ ဒီကလေးဟာ လူမဖြစ်နိုင်ဘူး။ သူ့ရဲ့ ဘီလူး ဆိုပြီး အားလုံးက ကြောက်ကြပါတယ်တဲ့။ ပြီးတော့ မေမေ့နို့ကို တိုက်ကြည့်ကြပါတယ်။ နို့မထွက်တော့ ကလေး သေးသေးလေးက စိတ်ကြီးပြီး နို့ကိုကိုက်တယ်တဲ့။ အသံပြဲနဲ့ငိုတယ်တဲ့။ ဒီတော့ အားလုံးက ပိုကြောက်သွားကြပါတယ်။ ဒီအချိန်မှာ သခင်ခရစ်တော်ဟာ ကျွန်မ အဒေါ်ရဲ့ စိတ်ကိုတို့ထိကာ ကယ်ဆယ်ခဲ့ပါတယ်။ အဒေါ်ရဲ့ နို့ကို သောက်သုံးရင်း ပြောင်းဖူးလောက် ကလေးဟာ အသားပြည့်လာတော့ အရမ်းချစ်စရာကောင်းတဲ့ မေမေ့သမီးလေးဘဲလို့ ပြောပါတယ်။ မေမေလည်း ဝဖြိုးလာပါပြီ။ မေမေ့ရဲ့ နို့ရည်တွေက ကျွန်မရဲ့ ခန္ဓာကိုယ်ထဲမှာ ရောက်ရှိဖို့ လိုနေပြီပေါ့။ မေမေ့နို့ကို မသောက် ချင်တဲ့ သမီးမိုက် အမြဲငိုနေဆဲ။ မေမေဟာ မျက်ရည်ကျရင်း ခံစားရရှာပါတယ်တဲ့။ ဘယ်ပြောကောင်းမလဲ၊ ဗိုက်ဆာတော့လည်း စိတ်ကောက်ရင်း သည်းကြီးမည်းကြီး နို့တွေကို သောက်သုံးပါတယ်။

ဟော… အခုတော့လည်း အများ သူငါလို လူတလုံး သူတလုံးနဲ့ ချစ်စရာကောင်းတဲ့ မျက်နှာကလေး ဖြစ်လာလိမ့်မယ်လို့ မထင်ခဲ့ကြောင်း ပြော တတ်မြဲပါ။ ပြောတိုင်းလည်း မေမေ့ရင်ထဲမှာ ပီတိဖြစ်ပါတယ်တဲ့။ နောက်ဆုံးအနေနဲ့ ရေးပြ ချင်တာကတော့ မိဘတွေဟာ တကယ့်ကို မေတ္တာကြီးမားလှပါတယ်။ ယနေ့ သား သမီး အယောက်တိုင်းဟာ မိဘတွေ ကဲ့သို့ မေတ္တာနားလည်မှုလေးတွေ ပေးနိုင် သလားလို့ မိမိ ကိုယ်မိမိ မေးကြည့်ကြပါစို့နော်။ မိဘကျေးဇူးလည်းဆပ်၊ ပြည်တော်လည်း ဝင်နိုင်ဖို့ ရန် မိဘကျေးဇူး ဘယ်လိုတုံ့ပြန်ရင် ကောင်းမလဲ။ အရာအားလုံးကို ပေးနိုင်တဲ့ ခရစ်တော်ထံမှာ ကျွန်မနဲ့အတူ ဆုတောင်းကြပါစို့နော်။ ကျမ်းပိုဒ်လေး အားဖြင့် ခွန်အားပေးပါရစေ။ (ဖေက် ၆း၁–၃) ။ **(အားချော)**

---




## ကျေးဇူးတော်ချီးမွမ်းခြင်း မိငယ်(အင်းစိန်)

မနက် ၃ နာရီအချိန်ကစပြီး ခေါင်းကိုက်တာ မနက် ၁၁ နာရီခွဲ အထိ ပါပဲ။ ၁၂ နာရီ ဆိုရင် ကျွန်မ အပြင်သွားရမယ့် အချိန်ပါပဲ။ ကျွန်မရဲ့ day off ပေါ့။ ၁၁ နာရီခွဲထိ ခေါင်းကိုက်တာ ဘာမှလည်း စားလို့မရပါဘူး။ ဘုရားသခင်ထံ ကျွန်မ ဆုတောင်းပါတယ်။ ၁၂ နာရီထိုးလို့ ခေါင်းကိုက်မပျောက်ရင် ကျွန်မ ဘုရားကျောင်း မသွားတော့ဘူး။ ကျွန်မဟာ ဘုရားကျောင်းကိုပဲ အရင်ဦးဆုံးသွားပါတယ်။ ဘုရားသခင် အလိုတော်ရှိရင် ၁၂ နာရီထိုး ခေါင်းကိုက်ပျောက်အောင် လုပ်ပေးပါ။ သခင်ယေရှုနာမနဲ့ ဆုတောင်းပါ၏လို့ ဆုတောင်းပါတယ်။ ဆုတောင်းတာ တောင် ဒူးထောက်ဖို့ မပြောနဲ့ ထိုင်လို့တောင်မရပါဘူး။ ကျွန်မ အိပ်ယာပေါ် လှဲလျက်သားပဲ ဆုတောင်းပါတယ်။ ဆုတောင်းပြီးတာနဲ့ ကျွန်မအလွတ် ကျက်မှတ်ထားတဲ့ ကျမ်းချက် အပိုဒ်လေးတွေကို ဖတ်ရင်းနဲ့ အိပ်ပျော်သွား ပါတယ်။ ၁၂ နာရီထိုးတော့ အိပ်ယာက လန့်နိုးတော့တာဘဲ။ အိပ်ယာထလိုက်တာနဲ့ ခေါင်းမကိုက်တော့ပါဘူး။ ကျွန်မရဲ့ခေါင်းဟာ ပေါ့ပါးပြီး လန်းဆန်းနေတာပါပဲ။ ဒါနဲ့ ကျွန်မလည်း အဝတ်လဲပြီး ဘုရားကျောင်းကို ပြေးထွက်လာပါတယ်။ ကျွန်မပြောချင်တာကတော့ ယခုအချိန်ကစပြီး ကျမ်းချက် အပိုဒ်ကြီးတွေ အလွတ်မရ တာတောင်မှ အပိုဒ်သေးလေးတွေကို အလွတ်ကျက်မှတ်ပါ။ တစုံတခုဖြစ်တိုင်း ကိုယ်ကိုယ်တိုင်က ကျမ်းစာအုပ် မကိုင်နိုင်တောင်မှ အလွတ်ကျက်မှတ်ထားတဲ့ ကျမ်းချက်များကို ဖတ်ပြီး ဘုရားရှင်ကို ဝတ်ပြုပါလို့ တိုက်တွန်းချင်ပါ တယ်။ တစ်ယောက်စီတိုင်း အပေါ် ဘုရားရှင် ကောင်းကြီးပေး ပါစေ။

---

## ငါနှင့်ငါ့သခင် (မာရာနသာ နီနီခိုင်)

ချစ်ခင် လေးစားအပ်ပါသော စာဖတ်သူအပေါင်းတို့အပေါ်၌ ဘုရားသခင်ထံမှ နှစ်သစ်မင်္ဂလာ အဖြာဖြာ သက်ရောက်ပါစေလို့ ဆုမွန်ကောင်း တောင်းရင်း ငါ့အလိုနှင့် ငါ့သခင်ရဲ့အလိုဟာ မတူညီကြောင်းကို ဘုရားသခင် ဖွင့်ပြသလို ပြန်လည် ဝေငှလိုက်ပါတယ်။ ငါက ကျမ်းစာဖတ်ရမှာ ပျင်းတဲ့အခါ ငါ့သခင်က (နှုတ်ကပတ်တော် ၌မှီဝဲ ဆည်းကပ်ရင် မာရ်နတ်ကို အောင်နိုင်တယ်) ၁ယော ၂း၁၄။ ငါက ဆင်းရဲမှာ စိုးတဲ့အခါ ငါ့သခင်က (အိပ်ခြင်းကို မတပ်မက်နှင့်တဲ့) သုတ္တံ ၂၀း၁၃။ ငါက ဆင်းရဲသားကို မတရားပြောညှဉ်းဆဲတော့ ငါ့သခင်က (ဖန်ဆင်းတော်မူသော ဘုရားသခင်ကို ကဲ့ရဲ့တာတဲ့) သုတ္တံ ၁၄း၃၁။ ငါက ငါ့ရဲ့ မကောင်းကြောင်းကို သူများပြောလို့ အမျက်ထွက်မိတော့ ငါ့ သခင်က (အမျက်မပြေဘဲ နေ မဝင်စေနှင့်တဲ့) ဖေက် ၄း၂၇။ ငါ့ရဲ့ အလုပ်ရှင်က ငါ့ကို ကြမ်းတမ်းစွာ ဆက်ဆံလို့ ငါစိတ်ဆိုးမိတော့ ငါ့သခင်က (သင်၏သခင် ကြမ်းတမ်းသည် ဖြစ်စေ၊ ဖြည်းညှင်းသည်ဖြစ်စေ ဝန်ခံပါတဲ့) ၁ပေ ၂း၁၈။ ငါ့ကို သူတပါးက ချီးမွမ်းလို့ ငါက မာန တက်မိတော့ ငါ့သခင်က (ကိုယ့်ကိုကိုယ် ချီးမြှောက်ရင် နှိမ့်ချခြင်း ခံရမယ်၊ ကိုယ်ကို ကိုယ်နှိမ့်ချရင် ချီးမြှောက်ခြင်း ခံရမယ်။) လု ၁၈း၁၄။ ငါက သူများ ကောင်းစား ကိုအားကျမိတော့ ငါ့သခင်က (ခရစ်တော် အသေခံတော်မူခြင်းအားဖြင့် သင်ဟာကောင်းကင်နိုင်ငံ၌ ထာဝရ အမွေခံရမယ်တဲ့) ဟေဗြဲ ၉း၁၅။ ငါက အလုပ်ပိတ်ရက်မှာ တနေကုန် အိပ်ဖို့စိတ်ကူးတော့ ငါ့သခင်က (လူပျင်းဟာ အိပ်ယာ၌ လည်တတ်၏တဲ့) သုတ္တံ ၂၆း၁၄။ ငါက သူများချမ်းသာတာကို အားကျမိတော့ ငါ့သခင်က (ရောင့်ရဲစိတ်ပါလျက် ဘုရားဝတ်၌မွေ့လျော်ခြင်းဟာ ကြီးစွာသော အကျိုးစီး ပွားတဲ့) ၁တိ ၆း၆။ ငါက အလုပ်လုပ်ရမှာ ပျင်းတဲ့အခါ ငါ့သခင်က (ပုရွက်ဆိတ်ထံ၌ နည်းခံတဲ့) သုတ္တံ ၆း၆။ ငါက မိဘကို ကျိန်ဆဲမိတော့ ငါ့သခင်က (ထူထပ်သောမှောင်မိုက်၌ သေလိမ့်မယ်တဲ့) သုတ္တံ ၂၀း၂၀ ။ ငါက အစားတွေ တစ်ခုပြီးတစ်ခု စားဖို့စဉ်းစားတော့ ငါ့သခင်က (စားကြူးတုတ်တုတ် လူယုတ်ပေတဲ့) တိ ၁း၁၂။ ငါ့ရဲ့ ဘဝ ရှေ့ဆက်ပြီး ဘာဖြစ်လာမလဲလို့ စိုးရိမ်မိတော့ ငါ့သခင်က (သတိနဲ့ကြည့်ရှုတဲ့ ကိုယ်တော့်ထံအပ်နှံတဲ့) ၁ပေ ၅း၇။ ငါက ပညာရှိတွေကို အားကျမိတော့ ငါ့သခင်က (ထာဝရဘုရားကို ကြောက်ရွံ့ခြင်းဟာ ပညာရဲ့အချုပ်အခြာ၊ သိကျွမ်းခြင်းဟာ ဉာဏ်ဖြစ်၏ တဲ့) သုတ္တံ ၉း၁၀။ ငါက သူ တပါးကို မကူညီချင်တော့ ငါ့သခင်က (ထမ်းရွက်စရာ ဝန်ချင်းကို အချင်းချင်း ကူထမ်းတဲ့) ဂလာ ၆း၂။ ငါက သူတပါးကို ရန်တွေ့မယ်ကြံတော့ ငါ့သခင်က (ဘုရားသခင်ရဲ့ ကျွန်ဟာ ရန် မတွေ့ရတဲ့) ၂တိ ၂း၂၄။ ငါ စိတ်ဆင်းရဲ ဖြစ်နေချိန်မှာ ငါ့သခင်က (နှုတ်ကပတ်တော်သည်သာ အကျွန်ုပ် သက်သာစရာ အကြောင်းဖြစ်ပါ၏။တဲ့) ဆာ ၁၁၉း၅၀။ ငါက ကျန်းမာရေး ကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတဲ့အချိန်မှာ ငါ့သခင်က (စိတ်ကြေမွသောသူတို့ကို နှစ်သိမ့်ပြီး အနာကို ကု တော်မူ၏။တဲ့) ဆာ ၁၄၇း၃။ ငါ့ရဲ့ ဘဝကို စိတ်ပျက်အားငယ် မိတော့ ငါ့သခင်က (သင်တို့ကို နှစ်သိမ့် သောသူဟာ အခြားသူ မဟုတ်ဘူး ငါ ကိုယ်တိုင်တဲ့) ဟေရှာ ၅၁း၁၂။ ငါက လောကမှာ ငါ့စိတ်ကြိုက် အသက်ရှင်မယ်ကြံတော့ ငါ့သခင်က (ဂရုဏာနဲ့ ပြည့်စုံတဲ့သခင်က လူအသီးသီးတို့အား သူတို့အကျင့်နှင့် အလျောက် အကျိုးအပြစ်ကို ပေးတော်မူ၏။တဲ့) ဆာ ၆၂း၁၂။ ငါ့ရဲ့ လောဘ တွေ တနေ့ထက်တနေ့ ပိုများလာတော့ ငါ့သခင်က (အလိုရှိသော ဥစ္စာ တစုံတခုမျှ မကြွင်း ဆုံးရှုံးရလိမ့်မည်) ယောဘ ၂၀း၂၀။ ငါက သူများငွေရတာကို အားကျ မိတော့ ငါ့သခင်က (ငွေရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံတော်ကို ဝင်ခဲသည် တဲ့)လု ၁၈း၂၅။ နှစ်သစ် မင်္ဂလာအပေါင်းနှင့် အလှဖြာသော အချိန်၌ ငါတို့ရဲ့ ဆန္ဒနှင့် ဖန်ဆင်း ရှင် ငါတို့သခင်ရဲ့ ဆန္ဒဟာ ဆန့်ကျင်ဘက်ဖြစ်နေတာကို သတိထားမိပြီး သခင်က အလိုရှိတဲ့အတိုင်း အတတ်နိုင်ဆုံး ကြိုးစား၍ လိုက်နာနိုင်ကြပါစေလို့ ဆုတောင်း ပေးရင်း – – ။ *မာရာနသာ (နီနီခိုင်)*



---



## ကွယ်ကာရာကျောက် …ကိုယ်တော် KKW

ကွယ်ကာရာကျောက် ကိုယ်တော် ဖြစ်သည်၊ မုန်တိုင်း ကျသောအခါ ကွယ်ကာရာ… ဤစာသားလေးကို ဖတ်မိသူတိုင်း သီချင်းသံစဉ်လေး ကိုစိတ် ထဲမှ ညည်းတွား မိမည်ထင်ပါသည်။ ဆာလံ ၉၄း၂၂ တွင် "ထာဝရ ဘုရား သည် ငါ၏ ရဲတိုက် ဖြစ်တော်မူ၏"ဟူ၍ဖော်ပြထားပါသည်။ အထက်ပါ သီချင်းလေးထဲကအတိုင်း မုန်တိုင်း ကျ သောအခါ ကွယ်ကာပေးခဲ့သော ဘုရား သခင်ရဲ့ ကောင်းမြတ်ခြင်းများကို သက်သေ ခံချင်ပါတယ်။ အားလုံး သိပြီးတဲ့အတိုင်းဘဲ ၂၀၀၈ခုနှစ် မေလ ၂ရက်နေ့တွင် မြန်မာ ပြည်၌ နာဂစ်မုန်တိုင်းသည် အင်အားပြင်းထန်စွာဖြင့် ဝင်ရောက် မွှေနှောက်ခဲ့ပါ သည်။ ဧရာဝတီတိုင်းတွင် ဟိုင်းကြီးကျွန်း၊ လပွတ္တာနှင့် ဘိုကလေး အစရှိသော မြို့ကြီးများတွင် လည်းကောင်း၊ ရန်ကုန်တိုင်းတွင် ရန်ကုန်မြို့ကြီးတွင် လည်းကောင်း ကျရောက်ခဲ့ပါ သည်။

နာဂစ်သည် ရန်ကုန်မြို့သို့ ၂ရက်နေ့ညနေ(၁၀)နာရီလောက်မှာ တဖြည်းဖြည်း ဝင် ရောက်တိုက်ခတ်ပါသည်။ ၃ရက်နေ့မနက်ပိုင်းအထိ ဆက်လက် တိုက်ခတ်ရာ မှာ အချိန်ကြာလာသည်နှင့်အမျှ လေတိုက်နှုန်းသည်လည်း တဖြည်းဖြည်းချင်း မြင့်တက်ရာကနေ အင်အားအပြင်းထန်ဆုံးသို့ ရောက် သွားပါတော့သည်။ ကျွန်မသည် မုန်တိုင်းဖြစ်ပေါ်စဉ် မြန်မာပြည်မှာမရှိဘဲ စင်္ကာပူမှာရောက်နေပါသည်။ ကျွန်မတို့ ဇနီး မောင်နှံနှစ်ယောက် စင်္ကာပူသို့ထွက်လာသောအခါ မော်လမြိုင်မှ အသက် (၈၅နှစ်) ရှိသောအမေအိုက လာ၍ ရန်ကုန်မှအိမ်ကို စောင့် ပေးပါသည်။ ရန်ကုန်မြို့တွင် မုန်တိုင်း ဝင်သွားပြီဆိုသော သတင်း ကြား ကတည်းက အိမ်ကို ဆက်သွယ်သော်လည်း ဘယ်လိုမှ ဖုန်းခေါ်၍ မရသောကြောင့် မိခင်အို အတွက် အလွန်စိတ်ပူခဲ့ပါသည်။ နောက် နှစ်ရက်ကြာမှ အိမ်နှင့် အဆက်အသွယ်ရသောအခါ အမေမှ ဘာမှမဖြစ်ကြောင်း၊ အမေ နေကောင်းကြောင်း၊ အိမ်လည်း ဘာမှ ထူးထူးထွေထွေမဖြစ်ဘဲ အပေါ်ထပ် ပြူတင်းပေါက်မှန် တချပ်သာ ကွဲသွား ကြောင်းပြောပြသောအခါ ဘုရားသခင်ကို အရမ်းပဲ ကျေးဇူးတင်ပါသည်။ အိမ်အတွက်၊ မိခင်အတွက်လည်း စိတ်အေးရပါတော့ သည်။

၁၄.၅.၀၈ နေ့တွင် ကျွန်မတို့ မြန်မာပြည်သို့ပြန်လာပါသည်။ ရန်ကုန် လေဆိပ်မှ စထွက်သည်နှင့် မြင်ကွင်းသည် မလှပပါ။ သစ်ပင်များ အားလုံးလိုလို ထိပ်

ပိုင်းများ ပြတ်နေခြင်း၊ ခါးလည်မှ ပြတ်နေခြင်း၊ သစ်ကိုင်းများ ပြတ်ကျနေခြင်း၊ အပင်များ တစ်ပင်ပေါ်တစ်ပင်ထပ်ပြီး မြေပေါ်မှာလဲကျနေခြင်း၊ ခြံစည်ရိုးများ ပေါ် ကျမိနေ၍ ခြံစည်းရိုးများ ပျက်စီးနေခြင်းများကို ပထမဦးဆုံးမြင်လိုက်ရပါသည်။ မြေပေါ်တွင် မတ်တပ်ကျန်နေသော အပင်များသည်လည်း သဘာဝ ဘေးဒဏ်ကို ပြင်းထန်စွာ ခံစားထားရသဖြင့် ညှိုးနွမ်းပြီး စိတ်ပျက်အားငယ်နေသယောင်။ ကူညီပါဦး၊ ကယ်ပါဦးလို့ ပြောနေသလို ရင်ထဲမှာခံစား လိုက်မိပါသည်။ စိတ်မကောင်းပါ။ ဒီလိုနှင့် တဖြည်းဖြည်းဆက်ထွက်လာရာ လမ်းတလျှောက် အဆောက်အဦးအကြီးအငယ်မရွေး အမိုးတွေလန်၊ ခေါင်တွေ ပြုတ်ထွက်၊ မှန်ပြူတင်းတွေ ကွဲ၊ အိမ်တွေ ပြိုကျနှင့် အမျိုးမျိုးသော အနိဌာရုံများကို မြင်တွေ့ရသည်မှာ တကယ် စိတ်မချမ်းသာ စရာပင် ဖြစ်ပါတော့သည်။ ၂၀၀၇ခုနှစ် မြန်မာပြည်မှ ထွက်သွားသောမြင်ကွင်းနှင့် ယခု အပြန်မြင်ကွင်း သည် လုံးဝခြားနားသွားပါသည်။

ဒီတခေါက်ပြန်လာရာတွင် အားလုံးပြောင်းလဲသွားပါသည်။ နှုတ်ဆက်ကြတာ တွေ့ကအစ အရင်ကလို ဘယ်တုန်းကပြန်ရောက်လဲ။ နေလို့ကောင်းကြ ရဲ့လားလို့ မဟုတ်တော့ဘဲ "နာဂစ်မှီလား"လို့ လူတိုင်းကမေးပါသည်။ "မမှီဘူး ၁၄ရက်နေ့မှ ပြန်ရောက်တာ"လို့ပြောတော့ "ကောင်းလိုက်တာဟယ် တို့တွေတော့ ကြောက်လိုက် ရတာ တစ်ညလုံးဘဲ မအိပ်နိုင်ကြဘူး။ ဘာတွေများ ဆိုးဆိုးဝါးဝါး ဖြစ်လာခဲ့ရင် ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်ဖို့အတွက် စိတ်ပူ ပြီး စောင့်နေကြရတယ်"လို့ ပြောကြပါသည်။ နာဂစ်သည် အိန္ဒိယဘာသာဖြင့် မြွေ ဟူ၍အဓိပ္ပာယ်ရပါသည်။ နာမည်နှင့် လိုက်အောင်ပင် လေတွေ တိုက်တော့မယ်ဆိုရင် မြွေတွန်သလိုမျိုး အသံ ကြီးထွက်လာပြီးမှ လေကလည်း နောက်ကနေ (၃၆၀ဒီဂရီ) ပတ်ပြီးတော့ အရှိန်ပြင်းစွာနှင့်လိုက်လာပါတော့သည်။ ဟိုဘက်ဒီဘက် ရွှေ့ပြောင်းပြီး တိုက်နေတာကြောင့် အိမ်တွေသစ်ပင်တွေကို လှုပ်နဲ့နေသလိုဖြစ်ပြီး အပင်တွေပျက်စီး၊ အိမ်တွေ ပျက်စီးကြရပါတော့သည်။ လေပြင်းနှင့်အတူ ပြုတ်ထွက် လာသောသွပ်ပြားများသည် လေထဲတွင် ဝဲနေသည်မှာ လူကိုထိရင် ခေါင်းပြတ်မှာသေချာသည်ဟု ပြောပါသည်။ မည်သူ တစ်ဦးတစ်ယောက်မှလည်း အပြင်မထွက်ဝံ့ကြ။ မိမိတို့အိမ်ခေါင်မိုးများ လွင့်ပါမသွားရန်ပဲ အိမ်ထဲမှနေ၍ ကာကွယ်နေကြရသည်။ အမိုးတွေ လွင့်ကုန်သော အိမ်များတွင် မိုးရေတွေ စိုရွှဲကုန်ပြီး ပစ္စည်းတွေ ပျက်စီး၊ လူတွေနေ စရာ မရှိနဲ့ ဒုက္ခရောက်ရပါသည်။ နံနက်မိုးလင်းလာသော်လည်း ဈေးမထွက်ရဲသောကြောင့် နံနက်စာ ထမင်းငတ်သော မိသားစုတွေလည်း မနဲကြောင်းပြောပြပါသည်။ ခါတိုင်း နှစ်များတွင် ကျွန်မတို့သည် စင်ကာပူတွင် အလွန်ဆုံး ၃လလောက်ပဲနေပါသည်။ သို့သော် ယခု တစ်ခေါက်တွင် အကြောင်းအမျိုးမျိုးကြောင့် ခုနှစ်လ ကြာသွား၍ နာဂစ်နှင့် လွတ်သွားရခြင်း ဖြစ်ခဲ့ရပါသည်။

နာဂစ်ကြောင့် အိမ်တိုင်း အနည်းနဲ့အများတော့ ပျက်စီးကြရပါသည်။ ကိုယ့်အိမ်ခေါင်မိုးသွပ်ပြားများလွင့်ခြင်း၊ သူများသွပ်ပြားများလွင့်လာပြီး ကိုယ့် ခေါင်မိုးကိုထိမှန်စိုက်သွားပြီး မျက်နှာကျက်အထိပါပေါက်ပြဲပျက်စီးကုန်၍ မိုးရေများစိုရွှဲကြရခြင်းများလည်းရှိပါသည်။ ထို့အပြင်၊ အပြင်မှလေနှင့်အတူ ပါလာ သော သွပ်များ၊ သစ်များ၊ သစ်ပင်အပိုင်းအစများ စသည်တို့ကြောင့် မိမိတို့ အိမ်ကို ထိရိုက်မိပြီး ပြူတင်းပေါက် မှန်တံခါးများ၊ အိမ်နံရံများကို ထိရိုက်မိပြီး ပျက်စီးရပြန်ပါသည်။ ခြံထဲတွင်လည်း လွင့်ကျလာသော ပစ္စည်းများနှင့် ပြည့်နေ၍။ လှပစွာ စိုက်ပျိုးထားသော စားပင်၊ ပန်းပင်များလည်း ပျက်စီးကုန်ပါသည်။

ဒီမြင်ကွင်းများကို ကျွန်မတို့မရှိ၍ မမြင်လိုက်ရပါ။ ခြံ၏ ဤနောက်ဘက် ကပ်လျှက် အိမ်မှ တူမ ဆိုလျှင် အိမ်ခေါင်မိုးတစ်ခြမ်းလုံး လေနှင့်ပါသွား၍ တစ်ညလုံး ကလေးတွေနှင့်အတူ မိုးရေထဲတွင်ပင်နေခဲ့ရကြောင်း၊ ဒုက္ခခံခဲ့ရကြောင်း သိရပါသည်။ သူ့ခြံထဲမှာလွင့်စင်လာသော ပစ္စည်းများနှင့်ပြည့်နေ သော်လည်း ကျွန်မခြံထဲသို့ သွပ်ပိုင်း တစ်ပိုင်း၊ သစ်ပင် တစ်ပင် မကျသောကြောင့် သူအံ့သြရပါသည်။ နောက်တစ်ခုမှာ ကျွန်မဘယ်ဘက်ခြံထဲတွင် ကျွန်မအိမ်နှင့် (၁၀ပေ) ခန့်အကွာမှာ အလွန်ကြီးပြီးမြင့်မားတဲ့ သစ်ပင်ကြီးတစ်ပင်ရှိပါသည်။ ညပိုင်း တိုက်သောလေသည် သူတို့ခြံထဲမှ ကျွန်မခြံဘက်သို့တိုက်သဖြင့် ထိုသစ်ပင်ကြီးသည် ကျွန်မခြံထဲဘက်အိမ်ပေါ်သို့ ယိမ်းထိုးနေသဖြင့် သူ့သခင်က ပင်လျှင် ကျွန်မ အိမ်ပေါ်ကို ကျသွားမှာ အရမ်းစိုးရိမ်နေကြောင်း။ သို့သော် နံနက်ခင်းပိုင်း တိုက်သောလေသည် ကျွန်မ ခြံဘက်မှ သူတို့ခြံဘက်သို့ ပြန် တိုက်သဖြင့် ထိုအန္တရာယ် အပင်ကြီးသည် ကျွန်မ အိမ်ပေါ်သို့မကျတော့ဘဲ သူတို့ခြံထဲသို့ ဘာတခုမှ ထိခိုက် ပျက်စီးမှုမရှိဘဲ လွတ်လွတ် ကျွတ်ကျွတ် မြေပေါ်သို့ကျသွားကြောင်း။ ထိုမှ သူတို့လည်း စိတ်အေးသွားရကြောင်း ပြောပြပါသည်။ အကယ်၍သာထိုအပင်ကြီး ကျွန်မ အိမ်ပေါ်ကို ညထဲက ကျ သွားမယ်ဆိုရင် ကျွန်မ အိမ်လည်းပျက်စီး၊ ကျွန်မ မိခင်အိုလည်း ဘယ်လောက် အလုပ်များလိုက်မလဲ။ မှောင်မှောင်မဲမဲ ဘာမှလည်းမမြင်ရနဲ့ မစဉ်းစား ဝံ့စရာပင်ဖြစ်ပါသည်။

ဤနာဂစ်မုန်တိုင်း၏ထူးခြားချက်မှာ သစ်ပင်တွေ အပင်လိုက် တော်တော်များများ မြေပေါ်လဲကျသော်လည်း။ လူနေအိမ်များ၊ အဆောက်အဦးများကို မထိဘဲ လွတ်လွတ် ကင်းကင်းဘဲ ရှောင်ကွင်းပြီးမှ မြေပေါ်သို့ကျကြောင်း တွေ့တဲ့လူတိုင်းက ပြောပြ တတ်ပါသည်။ ဒါလည်း ကျေးဇူးတော်တပါးပင်။ နောက်တစ်ခု ရှိပါသေးသည်။ ကျွန်မတို့ အိမ်မှ "ဂြိုလ်တုစလောင်း" သည် အိမ်၏ ရေစင်အမြင့်ပေါ်မှာ တပ်ဆင်ထားပါသည်။ ကျွန်မတို့ စင်္ကာပူသို့ထွက်သွားပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ဖြုတ်ချခိုင်းထားပါသည်။ ထိုစဉ်က ဖြုတ်မိတာမှားပြီ၊ ပြန်လာလျှင် ပြန်ဆင်ရဦးမယ်။ အလုပ်ပိုလိုက်တာ။ စသဖြင့် အမျိုးမျိုးတွေးနေမိပါသည်။ အခု နာဂစ် မွှေသောအခါ အိမ်အမြင့်တွေ ပေါ်မှာတပ်ထားသော စလောင်းများသည် လေဒဏ် ခံရပြီး လေသင့်ရာဘက်သို့ အချပ်လိုက်ဖြစ်စေ၊ တပိုင်းတစဖြစ်စေ ပါသွားပြီး ပျက်စီးကုန် ပါသည်။ ကျွန်မတို့ စလောင်းတော့ ဖြုတ်ချထား၍ ဘာမှမဖြစ်ပါ။ အခုမှဘဲ ကျေးဇူးတော်ချီးမွမ်း နိုင်ပါတော့သည်။ ကွယ်လွန်သွားပြီဖြစ်သော မိခင်ကြီး ပြောတတ်သော စကားတစ်ခွန်းကို ပြန်၍မှတ်မိသွားပါသည်။ "ရှေးမဆွက သိမြင်တော် မူသောဘုရား" ဖြစ်ပါသည်။

ကျွန်မတို့ အိမ်တွင် မရှိသော်လည်း ဘုရားသခင်သည် မိခင်အိုကြီးနှင့်တကွ အိမ်ကို လေဘေးဒုက္ခ အမျိုးမျိုးမှ ကာကွယ်ပေးထားပါသည်။ ကွယ်ကာရာ ကျောက်ကိုယ်တော်သည် မုန်တိုင်းဘေးမှကာကွယ်ပေးထားတဲ့ကျေးဇူးတော်သည် အလွန်ပင်ကြီးမားခဲ့ကြောင်း ဖော်ပြချင်ပါသည်။ နာဂစ် မုန်တိုင်းဒဏ်ကို ကျွန်မလိုပဲ ကိုယ်တိုင်မခံစားလိုက်ရတဲ့ စင်္ကာပူရောက် မြန်မာမိတ်ဆွေတွေလည်း ကျွန်မလိုပဲ ကျေးဇူးတော်ချီးမွမ်းနိုင်လိမ့်မယ် လို့ထင်ပါတယ်။ မုန်တိုင်းဒဏ်ကို အလူးအလိမ့်ခံစားလိုက်ရသော ညီအစ်ကို မောင်နှမများအတွက် အထူးသတိရ ဆုတောင်းပေးဖို့နှင့် လိုအပ်သော ငွေရေး ကြေးရေး ကူညီမှုများကိုလဲ တတ်နိုင်သမျှ လက်မတွန့်ဘဲ ကူညီကြဖို့ လိုပါတယ်။ ကျွန်မ ခံစားလိုက် ရသော ကျေးဇူးတော်အပေါင်းကိုလည်း စာဖတ်သူများ ခွန်အား ယူနိုင်ရန် သက်သေခံ တင်ပြလိုက်ပါသည်။ "ဘုရားသခင်သည် – – ဘေး ရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျှက်ရှိ၏ "ဆာလံ ၄၆း၁ KKW

---

## တို့ကိုနားလည်ပေးပါ ( Life )



ဆာလံ ၂၂း၂၄၊ ၂၆ (ခ) လူတွေ သူတွေ မေငေ့ါ မျက်စောင်းထိုး။ ကလေးဘဝ ပျက်မှာ စိုးလို့။ ဒို့ကြောင့် ဖြူစင်သေးတဲ့ ကလေးကို လူ အထင်သေး မှာစိုးလို့ ကြိုတင် ကာ လက်တွဲ ဖြုတ်တဲ့အနေနဲ့ ဒို့လေစိမ်းတွေ တိုက်ခဲ့ရတာ ဟာ မင်းအတွက်ပါ ကလေး ရယ်။ မင်းအတွက်မို့ ဒို့ကိုနားလည်ပေးပါ ကလေးရယ်။ ရွှေရောင်တောက်ပ မင်းရဲ့ ဘဝလေးထဲမှာ ပျော်ပျော်ပဲနေစေချင်သူပါ။ ဘာဖြစ် လို့လဲဆိုတော့ ဒို့ဘဝဟာ ကြမ်းတမ်းလို့ပါ။ လူအများ တကာရဲ့ အထင်သေး အမြင် သေးတဲ့ အနှိမ်ခံဘဝနဲ့ အစေခံ တစ်ယောက် ဖြစ်နေခဲ့လို့ပါ။ တကယ်တမ်းတော့ ကြမ်းတမ်းလွန်းတဲ့ နိမ့်ကျတဲ့ ဒို့အစေခံ ဘဝ အကြောင်းကို ဘယ်သူမှမသိအောင် လျှို့ဝှက်လို့ သိမ်းဆည်း ထားချင်ခဲ့သူပါ။ 'ပြော မဆုံးပေါင်တောသုံးတောင်' အကြောင်းတွေကို အမြတ်မရှိ အရင်းရှုံးမို့ ဖောက်သည် မချချင်ခဲ့ပါဘူးလေ။ ဘာ ကြောင့်လို့ အသေအချာ မသိ၊ ရေရေ ရာရာမရှိပဲ သမုဒ္ဒယ သံယောဇဉ် နွယ်တွေ တစ်ပင်ပြီးတစ်ပင် တွယ်ငင်ရစ်ပတ်တိုးပြီး စိတ် ပင်ပန်း နေမှာ လည်းစိုးတယ်လေ။ အဲဒါ ကြောင့်ပဲ ရေးပြလိုက်တယ်။

အစတုန်းကနေ ရေးပြရရင်တော့ ဘာအလုပ်ပဲဖြစ်ဖြစ် ကောင်းတာဆိုအကုန် လုပ်မယ်၊ လုပ်နိုင်တယ်ဆိုပြီး နိုင်ငံခြားမှာ အလုပ် သွားလုပ်မယ် လို့ ဒို့ ခင်မင်သူတွေကို နှုတ်ဆက်ကြေငြာခဲ့စဉ်က ကန့်ကွက်သူတွေ ဒုနဲ့ဒေးပါ။ ဒီက သတင်းတွေကိုလည်း သိုးသိုးသန့်သန့် ကြားခဲ့ပြီးသား။ လူတွေနေတာပဲ၊ လူတွေပါပဲလို့ ပြန်ပြောရင်းနဲ့၊ တက်ကြွတဲ့ ကြက်ဖ လို အားအင်တက်ကြွစွာ လက်ခမောင်းခတ် ရောက်လာခဲ့တဲ့သူပါ။ စကတည်းကယဉ်သကိုး လို့ပြောရရင် လူစင်စစ်က တိရိစ္ဆာန်လို (ဥပမာ – မြင်း၊နွား၊ဆိတ်၊ဝက်) ခြေဆုံး ခေါင်းဖျားကြည့်၊ လျှာကြည့်၊ ခွာ ကြည့်၊ နဖူးကြည့်၊ ဒူးကြည့်၊ အနီးကပ်ကြည့်၊ အဝေးကကြည့်၊ အားမရလို့ လက်ဝါးပါ ဖြန့်ပြ ရသေးတယ်။ (အမြီးနဲ့ အမောက် မပါလို့သာပေ့ါ)။ နောက်ဆက်တွဲက မေးခွန်း တွေ ပလူပျံသလိုပဲ၊ ပါးစပ်က စက်သေနတ်အလား မနားတမ်း တရစပ်နဲ့မို့၊ ကိုယ့် မှာတော့ Yes, No နဲ့ ကြိုးစားဖြေရင်း ကြိုက်တယ်ဆို လိုက်လို့ရယ် သွားတော့ သူ မတူအောင် လျှာစွမ်း၊ လက်စွမ်း၊ ခြေစွမ်းတွေအမျိုးမျိုးနဲ့ အစေခံသမား တစ်ယောက်ရဲ့ ဘဝ ကြမ်းလမ်း ခရီးကို ခေါင်း၊ ပါး၊ ခြေ၊ လက်၊ နားရွက် ခံစားရ ရသ အမျိုးမျိုးနဲ့ ဒလိမ့် ခေါက်ကွေး ဖြတ်သန်း ရပုံများ။ ခေါက်ဆွဲ (ခေါင်းခေါက်၊ နားရွက်ဆွဲ) အမြဲ မပြတ်နဲ့လေ။

'လျှာ'ဆိုပြီး ရေး၊ ပြော ရင်တော့ တစ်လုံးထဲ။ 'ပြောမယုံ၊ ကြုံမှ သိ'ဆိုရိုးစကားကို လျှာအစွမ်းထက်ပုံများ၊ ဒီအစေခံဘဝ ရောက်မှပဲ ကောင်းကောင်း ကြီး သိရတော့တယ်။ အော်ဟစ် ငေါက်ငေါ်၊ ကြိမ်းမောင်း ဆူပူ၊ ဆဲဆို စွပ်စွဲချက်တွေကို မြင်သာအောင် ဖော်ပြရရင်တော့၊ နာမည်ကြီးတဲ့ 'ဆူနာမီ' နဲ့ 'နာဂစ်' လှိုင်းလုံး

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

အစရှိသောအရာတွေမှာ ပြည့်စုံ လာပါတယ်။ ကျွန်တော့်ရဲ့ဘဝဟာ ပြည့်စုံပြီ လို့ ထင်မြင်မိခဲ့ပါတယ်။ ဇနီး၊သား၊သမီး (၃) ယောက်ရှိ၍လည်း ပြည့်စုံ လုံလောက်ပြီလို့ ထင်ခဲ့ပါတယ်။ ပုဂ္ဂလိက ဘဏ်လုပ်ငန်း ကုမ္ပဏီတစ်ခုမှာ အင်ဂျင်နီယာ ရာထူးနဲ့ တာဝန်ထမ်းဆောင်နေသောကြောင့် ဟိတ်နဲ့ဟန်နဲ့ရှိခဲ့ပါတယ်။

အဲဒီလို ပြည့်စုံကုံလုံပြီလို့ ထင်ခဲ့တာဟာ အဆုံးမှာတော့ ယခုဖေါ်ပြမယ့် အဖြစ်အပျက်အတိုင်း ပျက်စီးခြင်း လမ်းသို့ ရောက်ခဲ့ပါတယ်။ (သုတ္တံ ၁၄း၁၂) ၂၀၀၅ ခု မတ်လ ၂၈ ရက်နေ့မှာ မမျှော်လင့်ပဲ နှလုံးရောဂါ ဝေဒနာဆိုးကြီးကို ပြင်းထန်စွာ ခံစား လိုက်ရပါတယ်။ တစုံတစ်ယောက်ဟာ ကျွန် တော့် အသည်းနှလုံးကို မသေ မချင်း လာရောက်ညှစ်ထားသလို ခံစားလိုက်ရပါတယ်။ နှလုံးရောဂါအကြောင်း ခံစားဘူးသူတိုင်း နားလည်ပါ လိမ့်မယ်။ ဒီဝေဒနာ ခံစားရတဲ့နေ့မှာ ငါတော့သေပြီ၊ ဘဝဆုံးပြီလို့ စိတ်ထဲတွင် ဝမ်းနည်းကြေကွဲစွာ ခံစားရပြီး၊ သားသမီးနှင့်ဇနီးအပေါ်မှာ သူတို့ဘဝအတွက် စိုးရိမ်ပူပန်စိတ်တွေ တမျှော်တခေါ်တွေးမိပြီး စိတ်နှလုံး ငြိမ်သက်ခြင်း မရှိတော့ပါ။ နဂိုကမှ အသက်တာမှာ တိကျတဲ့ ရည်ရွယ်ချက်မရှိတဲ့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို သေလူအဖြစ် သတ်မှတ်ပြီး ဝမ်းနည်းပူဆွေး သောကတွေ ရောက်နေပါတယ်။ စိုးရိမ်ပူပန်မှုတွေနဲ့အတူ ငါသေရင် ငါ့မိသားစု ဘယ်လိုနေခဲ့ကြမလဲ ဆိုတဲ့အတွေးနဲ့ ရည်ရွယ်ချက်လည်းမရှိ ငြိမ်သက်ခြင်း လည်း လုံးဝမရှိတော့ပါ။ ဆေးရုံတက်နေစဉ်မှာပဲ ကျွန်တော်လုပ်တဲ့ ဘဏ်လုပ်ငန်းဟာ ဖျက်သိမ်းခံလိုက်ရပါတယ်။ ဘဝဟာ ဘာမှအဓိပ္ပာယ် မရှိတော့ဘူးလို့ ခံစားလိုက် ရပါတယ်။

ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ အိမ်နီးနား ချင်းများ၊ ယုံကြည်သူ ခရစ်ယာန်အသိုင်းအဝိုင်းများမှ ငွေကြေးအား ဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့် လည်းကောင်း ကူညီမစခဲ့သော်လည်း ကျွန်တော့ မှာ ငြိမ်သက် ခြင်း မရှိပါ။ ဆေးရုံ (၃) ကြိမ်တက် လိုက်ရပါတယ်။ ရှိသမျှ ငွေကြေး တွေလည်းကုန်ပြီ။ အကြွေးလည်း တက်ပြီ။ ဆရာဝန်ကြီး တွေလည်း အားပေး စကားပြောပါတယ်။ သူတို့လည်း ပိတ်နေတဲ့ သွေးကြောဟာ ကျောက်ခဲလို မာကျော သွားတဲ့အတွက် ပြန်လည် ပွင့်အောင် မလုပ်နိုင်တော့ပါတဲ့။ နှလုံးရောဂါ အခံ ရှိသူဟာ အချိန် မရွေး သေနိုင် တယ်တဲ့။ ဆေးရုံတက်တုန်းက ကျွန်တော် ကောင်းကောင်းမွန်မွန် ပြန်လည် သတိရလာတဲ့အချိန်မှာ ဆရာဝန်ကြီးကပြောတယ်၊ ခင်ဗျား သတိထားနော် တဲ့။ ဘာကို ဆိုလိုတာလည်းဆိုတာ ကျွန်တော်ချက်ခြင်း မသိပါ။ နှလုံးရောဂါနဲ့ ပတ်သက် တဲ့ အကြောင်းအရာ ဖတ်ကြည့်တော့မှပဲ ခင်ဗျား အချိန်မရွေး သေနိုင်တယ် ဆိုတဲ့ အဓိပ္ပာယ်ဖြစ်မှန်းသိပါ တော့ တယ်။ ဒီလိုနဲ့ ဆေးရုံကဝန်ထမ်းတွေ ပြောတဲ့ အားပေး စကား ကြားပြီးနောက် ဆေးရုံက ဆင်းခွင့်ရခဲ့ပါတယ်။ ဆေးရုံဆင်းပြီး အိမ်မှာနား နေစဉ် တစ်နေ့မှာ ကျွန်တော့ တကိုယ်လုံးဟာ မောပန်းနွမ်းနယ်နေပြီး နှလုံးဟာ နာကျင်နေပါတယ်။ တစ်နေ့လုံးပါပဲ။ ဆရာဝန်ပေးတဲ့ ဆေးသောက်လည်း မသက်သာ ပါ။ စိတ်နှလုံး ငြိမ်သက်ခြင်းမရှိပါ။ သေလည်း မသေနိုင်သေးပါ။ မသေနိုင်သေးတဲ့ အတွက် မိသားစု အရေးကို တွေးမိပြီး ဝမ်းနည်းကြေကွဲနေရပါတယ်။



နှလုံးရောဂါနဲ့ ပတ်သက်တဲ့ မခံမရပ်နိုင်တဲ့ ဝေဒနာ ခံစား ရရင် ဆေးရုံ ချက်ခြင်းပြန်တက်ပါလို့ ဆရာဝန်က မှာကြား ထားပါ တယ်။ မှာကြား ချက်အတိုင်း ကျွန်တော် ဆေးရုံပြန်တက်ချင်ပါတယ်။ ကျွန်တော့်မှာ ငွေကြေး မတတ်နိုင်တော့ပါ။ ပတ်ဝန်းကျင် အသိုင်း အဝိုင်း၊ ဆွေမျိုးသားချင်း၊ လုပ်ဖော်ကိုင်ဖက်၊ ယုံကြည်သူ အသင်း တော် များမှလည်း အတိုင်းအတာတစ်ခုအထိ ငွေကြေး ကူညီခဲ့ပြီးပြီ။ ငွေကြေး မပြည့်စုံတဲ့ အတွက် ဆေးရုံသွားရမှာ ဝန်လေးနေပါတယ်။ ဝေဒနာခံစားရင်း ညမိုးချုပ် လာပါတယ်။ ဒီအချိန်မှာ အမေက ပြောတယ် ဆာလံ ၁၂၁ ကို အကြိမ်ကြိမ် ဖတ်ပါတဲ့။ ဆေးရုံမသွားနိုင်တဲ့အတူတူ အမေပြောတဲ့အတိုင်း ဆာလံ ၁၂၁ ကိုဖတ်ခြင်း အားဖြင့် ဝေဒနာကိုမေ့အောင် ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝယ်ထားပြီး ပစ်ထားတာ ကြာပြီဖြစ်တဲ့ သမ္မာကျမ်းစာအုပ်ကို လှန်ပြီး ဆာလံ ၁၂၁ ကို စဖတ်ပါတယ်။ ဒီအချိန် မှာ ဘုရားသခင်ထံ ဝမ်းနည်းခြင်း၊ နောင်တရခြင်း၊ အားကိုးစိတ်နဲ့ မျက်မှောက်ပြုပြီး ပြန်လာတာကို ကျွန်တော့်ကိုယ် ကျွန်တော် မသိသေးပါ။ ဖတ်တဲ့အချိန်မှာ တစ်ခုခု ထူးခြားမယ်လို့ စိတ်ထဲမှာထင်ပြီး ဖတ်ခြင်း ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်ဟာ ထူးဆန်းအံ့သြဘွယ် အလွန် ကောင်းပါ တယ်။ အကြိမ် (၇၀) လောက် ဆာလံ ၁၂၁ ကိုဖတ်ပြီး တဲ့အချိန်မှာ ဘုရား သခင်ရဲ့ ငြိမ်သက်ခြင်း ကျေးဇူးတော်ဟာ ကျွန်တော့်တစ်ကိုယ်လုံး အတွင်းရော အပြင်ရော လွှမ်းမိုးထားတာကို ခံစားလိုက်ရပါတယ်။ ခံစားရတဲ့ဝေဒနာဟာ အဲဒီ ငြိမ်သက်ခြင်း တန်ခိုးတော်ကြောင့် နာကျင်ခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ စသော မကောင်းတဲ့ အရာအားလုံးဟာ ယူပစ်သလို ပျောက်သွားခဲ့ပါတယ်။ ဘုရား သခင်ပေးတဲ့ ငြိမ်သက်ခြင်းတန်ခိုးဟာ ဝေဒနာ ခံစားရစဉ် ဆေးရုံကပေးတဲ့ ဘိန်းဆေး တစ်မျိုးလိုပဲ။ ဆေးရုံကပေးတဲ့ ဘိန်းဆေးဟာ ဆေးအာနိသင် ပြယ်သွားရင် ဒုံရင်း ပါပဲ။ ဘုရားသခင်ပေးတဲ့ ငြိမ်သက်ခြင်းဆေးဟာ ထာဝရပါပဲ။ ဟာလေလုယ ... အာမင်။ ဒီအချိန်မှာ ဘုရားသခင်ဟာ ကျွန်တော့်ကို ဘာမှ မတွေးခိုင်းတော့ပါဘူး။ ဇနီးသည် ဖျော်ပေးတဲ့ **overtine** တစ်ခွက်သောက်ပြီး တစ်ညလုံး စိတ်ချမ်းသာစွာဖြင့် အိပ်ပျော် သွားစေခဲ့ပါတယ်။ မနက်အိပ်ရာထတော့ ကျွန်တော့စိတ်တွေ ပြောင်းလဲ သွားပြီး အပြစ်တရားမှ လွတ်မြောက်ပြီး ဘုရားသခင်ရဲ့ ကယ်တင်ခြင်းကျေးဇူးတော်ကို ခံစား လိုက်ရပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်ဟာ ကျွန်တော့စိတ်နှလုံးကို ထိုးဖောက်ရုံ သာမက ရိုးတွင်း ချဉ်ဆီထိ ထုတ်ခြင်းခွင်းပြီး ကျွန်တော့ကို လူသစ်ဖြစ် စေခဲ့ပါတယ်။ ကျွန်တော် ပြောင်းလဲသွားပြီး၊ စိတ်ပြောင်းလဲသွားပြီး ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် သမ္မာတရားဟာ ကျွန်တော့အား စစ်မှန်သော ယုံကြည် ခြင်းအားဖြင့် ကယ်တင်ခြင်းကျေးဇူးတော်ကို အခမဲ့ ပေးခဲ့ပါပြီ။ သခင်ယေရှုကို ကျွန်တော့ရဲ့ ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ပြီး ကျွန်တော့နှလုံးသားထဲကို ဝင်ရောက် အုပ်စိုးခွင့် ပေးလိုက်ပါပြီ။ ကျွန်တော်ဘာရပြီလဲ။ ကျွန်တော့ကို ငြိမ်သက် ခြင်းပေးပါတယ်။ ထာဝရအသက်ကို ပေးပါတယ်။ ကျေးဇူးတရားကို သိခွင့်ပေးပါတယ်။ အပြစ်မှ လွတ်မြောက်စေပါတယ်။ ဖြောင့်မတ်ခြင်းကိုဖြစ်စေပါတယ်။ ဒါတွေဟာ တပြိုင်နက်တည်း ဖြစ်လာတာပါ။ သခင်ယေရှုကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံ ယုံကြည်ပြီး လက်ခံတဲ့နေ့ကစပြီး ငြိမ်သက်ခြင်းကျေးဇူးတော်ကို ခံစားနေရပြီး ရောဂါဝေဒနာ ဖြစ်ပေါ်နေသော်လည်း ငြိမ်သက်ခြင်းကျေးဇူးတော်ကြောင့် ဝေဒနာ မခံစားရတော့ပါ။ ကျွန်တော့ရဲ့ မိသားစုစားဝတ်နေရေး၊ ကျန်းမာရေး၊ အနာဂါတ် ရေးတွေ ကျွန်တော်မပူတော့ပါ။ မစိုးရိမ်တော့ပါ။ ယေရှုက ငါ့ထံသို့လာကြလော့ ငါသည် ချမ်းသာ ပေးမည်တဲ့။ ကျွန်တော်ထမ်းရမယ့် ဝန်တစ်ခုလုံး ယေရှုလက်ထဲ ရောက် သွားပြီး ကျွန်တော့အတွက် သူ ပူပန်ပေးလိမ့်မယ်၊ ထမ်းပေးပါလိမ့်မယ်။ ကျွန်တော့်ကို ယေရှုက ဘာ တောင်းဆိုသလဲ။ ကျွန်တော့် နှလုံးသားထဲကို ဝင်ရောက် ဖို့ သူတံခါး ခေါက်ခဲ့ပါတယ်။ ကျွန်တော့ စိတ်နှလုံး တံခါးကို ဖွင့်ပေးတဲ့အချိန်မှာ ယေရှုဟာ ကျွန်တော့် နှလုံး အထဲ ကို ဝင်ရောက်ပြီး အုပ်စိုးနေပါပြီ။

ယနေ့ ယေရှုကို ကျွန်တော်၏ နှလုံးသားထဲမှာ အကြွင်းမဲ့ ယုံကြည်ပြီး လက်ခံတဲ့ နောက်ပိုင်းမှာ ပြဿနာ မရှိတာတော့ မဟုတ်ပါ။ ပြဿနာ ကတော့ ရှိပါတယ်။ ကျွန် တော့ အထဲမှာ ယေရှုရှိနေတဲ့အတွက် ပြဿနာကို ကျွန်တော် ဖြေရှင်းစရာမလိုပါ၊ ယေရှု ဖြေရှင်းပေး ပါလိမ့်မယ်။ ကျွန်တော်ခံယူတတ်ပြီ၊ အလို တော်ကို ဝန်ခံတတ်ပြီ။ အဲဒီ အတွက် ကျေးဇူးတော် အများကြီး ခံစားနေ ရပါတယ်။ အိမ်၊ ရေ၊ မြေ၊ မီး ပြည့်စုံ စွာ ခံစားနေရခြင်းဟာ ကျွန်တော့အစွမ်းအစ တစ်ခုမှ မဟုတ်ကြောင်း သိလာရပါပြီ။ ဘုရားသခင်ရဲ့ သနားခြင်းဂရုဏာ ကျေးဇူး တော်ကြောင့် သာလျှင် ဖြစ်ပါတယ်။

အကယ်၍ ကျွန်တော်ဟာ အလုပ်မပြုတ်၊ ကျန်းမာရေး ကောင်း နေခဲ့ပါလျှင် နှုတ်ကပါတ်တော် သမ္မာကျမ်းစာ၏ တန်ခိုးကို သိမည်မဟုတ်ပါ။ ယုံကြည်ခြင်း ဆိုတာဘာလဲ ကျွန်တော်သိမည်မဟုတ်ပါ။ စစ်မှန်သော ယုံကြည်ခြင်း၏ နောက်ကွယ် က ဘုရားသခင်၏ နက်နဲသော အရာများကို ကျွန်တော်သိခွင့်ရှိမည် မဟုတ်ပါ။ ဒါတွေဟာ အဖိုးအခ မပေးရပဲ ဘုရားသခင်၏ ကျေးဇူးတော်သက်သက် ဖြစ်ပါ တယ်။ ကျွန်တော် ပြောင်းလဲပြီးနောက်ပိုင်း ဘုရားသခင်ရဲ့ အခြား ကျေးဇူးတော် တစ်ခု က တော့ သူ့နှုတ်ကပါတ်တော် သမ္မာကျမ်းစာကို နေ့စဉ်ဖတ်ရှုလေ့လာ မွေ့လျော်ခြင်း အားဖြင့် ဝိညာဉ် ခွန်အား တိုးပွားရင့်ကျက်လာခြင်းပါပဲ။ အလုပ် မရှိတဲ့ အတွက် ကျမ်းစာ ဖတ်ခြင်းကျေးဇူး၊ အခါအားလျော်စွာ ဓမ္မဆရာများဖွင့်လှစ်တဲ့ နှုတ် ကပါတ်တော် သင်ကြားခြင်း အစီအစဉ်ကို တက်ရောက် ပါဝင်ခြင်း စတဲ့ ကျေးဇူး တွေပါပဲ။ အခြား ကျေးဇူးတော် အများကြီးပါ ကျွန်တော် မရေတွက်နိုင်ပါ။

နှလုံးရောဂါအခံ ရှိသူတစ်ယောက်အဖို့ ယနေ့ လူ့လောကကြီးမှ အချိန် မရွေး ထွက်ခွါသွားနိုင်ပါတယ်။ မိတ်ဆွေ ယာကုပ် ၄း၁၄ ကိုသိပါလိမ့်မယ်။ ဒီ ကျမ်းပိုဒ်ကို လက်ခံသော်လည်း မကြောက်တော့ပါ။ ယခု ကျွန်တော် အသက်ရှင် ခြင်းဟာ နှလုံးရောဂါပျောက်လို့ အသက်ရှင်နေတာမဟုတ်ပါ။ ယေရှုနဲ့အတူ ကျွန်တော် ဟာ လက်ဝါးကားတိုင်မှာ သေခဲ့ပြီးပါပြီ။ ယခုအသက်ရှင်ခြင်းဟာ ယေရှုနဲ့ အတူ ရှင်ပြန်ထမြောက်လာပြီး ဘုရားသခင်က ဘွားသောသားဖြစ်ပါတယ်။ ယခု ထာဝရ အသက်နဲ့ ကျွန်တော် အသက်ရှင်နေ ခြင်း ဖြစ်ပါတယ်။ ဘုရားသခင်ဆီက ထာဝရ အသက်ရပြီး နောက်ပိုင်းမှာ ကျွန်တော့်ရဲ့ယုံကြည်ခြင်းကို သက်သေပြဖို့ လိုနေ ပါသေးတယ်။ ယေရှုအကြောင်းကို အထက်ပါသက်သေခံချက်နဲ့ လူ အပေါင်း တို့ရှေ့မှာ သက်သေခံခြင်းဖြစ်ပါတယ်။ ပြောင်းလဲလာပြီးနောက်ပိုင်း အခြားသူများကို သက်သေ ခံဖို့ အရမ်းဆန္ဒပြင်းပြနေပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် အ ကြောင်းကို လည်း အရမ်းဝေငှချင်ပါတယ်။ ကျွန်တော်ယုံကြည်ပါတယ် တနေ့ကျရင် ဘုရားသခင် ကျွန်တော့ကို အသုံးပြုမှာပါ။ ဘုရားသခင်ရဲ့ ငြိမ်သက်ခြင်းကျေးဇူးတော် မိတ်ဆွေ အားလုံးတို့ အပေါ်သို့ ကျရောက်ပါစေ။ အာမင်...။ ကျွန်တော့်ရဲ့ စိတ် ပြောင်းလဲ ပြီး ငြိမ်သက်

Min Aung Thet Lwin, Blk 76A #30-02, Red hill road,Singapore151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))

ခြင်းကို ဖြစ်စေခဲ့တဲ့ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ထို့အတူ အနီးမှာ တွန်းအား ပေးခဲ့တဲ့ အမိုးနဲ့ ချစ်ဇနီး (Na Wa) ကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

***အမည်မဖော်ပြသူတစ်ဦး*** ( Naw Gay Thar ထံမှ တဆင့် လက်ခံ ရရှိပါသည် )



---------------------------------------------


## ဘယ် နဲ့ ညာ မင်းအောင်သက်လွှင်

*အခန်း–၁)* ဖိနပ်ဆိုင်ကြီး တစ်ဆိုင်ရှေ့မှာ ဆင်းရဲသား မုတ်ဆိုးမကြီး တစ်ယောက် ရပ်နေတယ်။ သူ့မျက်ဝန်းအစုံက ဆိုင်ထဲမှာ တင်ထားတဲ့ ဈေးအပေါ်ဆုံး ပြည်တွင်းဖြစ် ရာဘာ ဖိနပ်လေးတစ်ရံကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေပါတယ်။ လိုချင်တာ တစ်ခုတည်းကြောင့် မဟုတ်ဘဲ လိုအပ်နေတဲ့ ဖိနပ်ကို မဝယ်မဖြစ် ဝယ်ရမှာ ဖြစ်လို့ ဝယ်သင့် မဝယ်သင့် အပြင်းအထန်ဆုံးဖြတ်နေရပါတယ်။ “မေမေ သားကို ဖိနပ် ဝယ်ပေးနော်” လို့ သူ့ရဲ့ ဘယ်ဘက်လက်ကို အတင်းလှုပ်ပြီး ပူဆာနေတဲ့ ၇ နှစ်အရွယ် လူမမယ် ဖတဆိုး သားလေးကို မုတ်ဆိုးမကြီးက ငုံ့ကြည့်လိုက်တယ်။ “ဝယ်ပေးမှာပေါ့ သားရယ်၊ ဒါပေမဲ့ ဖိနပ်ဖိုး ပိုက်ဆံက ဆန်ဖိုး ချန်ထားတဲ့ အထဲက ဝယ်ရမှာမို့လို့ သားရဲ့ ဖိနပ် ဝယ်ပြီးသွားရင် အမေတို့ ၂ရက်လောက် ဆန်ပြုတ်ဘဲ သောက်ရတော့ မှာပေါ့” လို့ သူ့သားကို ငုံ့ကြည့်ပြီး ပြန်ပြောလိုက်တယ်။



“သားမှာ ဖိနပ် မရှိရင် လမ်း ကောင်းကောင်း လျှောက်နိုင်မှာ မဟုတ်ဘူး အမေ၊ ပြီးခဲ့တဲ့ တစ်ပါတ်က သား ပုလင်း ကွဲ တက်နင်းမိတယ်။ မနေ့ကလဲ သား ခြေထောက် သံ စူးသွားသေးတယ်။ သား ဖိနပ် မစီးရတာ ၃လ လောက်ရှိသွားပြီ၊ နေပူထဲမှာ သွားရတာ ခြေထောက် အရမ်းပူပြီး အရမ်း နာတယ် အမေ။ ဖိနပ်သာရှိရင် သား ခြေထောက် ဘာမှ ဖြစ်မှာ မဟုတ်ဘူး” လို့ သားက ဖိနပ်ဝယ်ပေးဖို့ အရေး သူ့အမေကို စည်းရုံး ပြောဆိုနေပါတယ်။ အမေ ဖြစ်သူ မုတ်ဆိုးမကြီးက ခက်ခက်ခဲခဲ ဆုံးဖြတ်ချက် ချပြီး ဆိုင်ထဲကို လှမ်းဝင် လိုက်ပါ တယ်။ သားဖြစ်သူလဲ အားတက်သွားပြီး အမေ့ထက် ခြေတစ်လှမ်း စောကာ ဆိုင်ထဲ ကို ရောက်သွားပြီး မှန်ဘီရိုထဲ ထည့်ထားတဲ့ ရော်ဘာ ဖိနပ်ကို အားရပါးရ ငုံ့ကြည့် လိုက်ပါတယ်။

အဲဒီ အချိန်မှာ ဆိုင်ထဲက ဝဝဖိုင့်ဖိုင့်နဲ့ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ ဝမ်းဆက် ဝတ်ထားပြီး ရွှေဆွဲကြိုးကို လူမြင်သာအောင် အင်္ကျီ အပေါ်ကြယ်သီး နှစ်လုံးလောက် ဖြုတ်ဝတ်ထားတဲ့ ဆိုင်ပိုင်ရှင် ကြီးက ခါးထောက်ပြီး ထွက်လာပါတယ်။ “ဘာလိုချင်လို့လဲ” လို့ အသံ ခပ်ပြတ်ပြတ်နဲ့ မေးလိုက်ပါတယ်။ မုတ်ဆိုးမကြီးက မှန်ဘီရိုထဲက ဈေး အပေါ်ဆုံး ဖိနပ်ကို လက်ညှိုး ထိုးပြပြီး “အဲဒီ အထဲက သားလေးနဲ့ တော်မဲ့ အရွယ် ရွေးပေးပါ”လို့ ပြောရင်း ထမီ အထက်ဆင်နဲ့ ကျစ်နေအောင် လိပ်ထားတဲ့ ငွေစက္ကူ နွမ်းနွမ်းတွေကို ထုတ်လိုက် ပါတယ်။ ဆိုင်ရှင်က ပါးစပ်မှာ ကိုက်ထားတဲ့ သွားကြား ထိုးတံကို ဘယ်ဘက် နှုတ်ခမ်းထောင့်ကနေ ညာဘက်ကို ပြောင်းကိုက်လိုက်ပြီး မယူပေး ချင်သလိုပုံစံ၊ စိတ်မဝင်စားတဲ့ ပုံစံနဲ့ ယူပေးလိုက် ပါတယ်။ သားဖြစ်သူက ဖိနပ်ကို အားရပါးရ ယူစီးလိုက်ပါတယ်။ “ဟာ မေမေ သားနဲ့ အတော်ဘဲ ဖိနပ်လေးက ပျော့အိ နေတာဘဲ စီးလို့ကောင်းလိုက်တာ” လို့ ဝမ်းသာအားရ ပြောလိုက်ပါတယ်။ အမေက သားရဲ့ ဝမ်းသာနေတဲ့ မျက်နှာလေးကို ငုံ့ ကြည့်ပြီး ပြုံးပြလိုက်ပါတယ်။ ပြီး တော့ ဆိုင်ရှင်ဘက် လှည့်ပြီး “ဘယ်လောက် ကျပါသလဲရှင်”လို့ မေးလိုက်ပါတယ်။ “ငါးရာ ကျပါတယ်” လို့ ဆိုင်ရှင်က လှည့်မ ကြည့်ဘဲ ပြန်ဖြေပါတယ်။ မုတ်ဆိုးမ ကြီးက “နှစ်ရာ့ငါးဆယ်ဘဲ ထားပါ လားရှင်” လို့ ပြောလိုက်တော့။ “ဘာ” ဆိုတဲ့ အော် သံကြီး ဆိုင်ရှင့် ပါးစပ်က ထွက်လာတယ်။ အော်သံကြောင့် သားငယ်လေး လန့်သွားပြီး လက်ထဲမှာ ကိုင်ထားတဲ့ ဖိနပ်ပြုတ် ကျသွား ပါတယ်။ သူ့အမေကို



ပြေးဖက်လိုက်တယ်။ မုတ်ဆိုးမကြီး မျက်နှာကို အစွမ်းကုန် ငုံ့လိုက် ပြီးတော့ တုန်တုန် ရီရီနဲ့ “ကျွန်မ ဒီနေ့ သူဌေးမင်းရဲ့ အိမ်မှာ အဝတ်လာလျှော်ပေးတာ သူဌေးကတော်က ငါးရာကျပ်ဘဲ ပေးလိုက်ပါတယ်။ ဒီငွေ လေးနဲ့ ကျွန်မတို့ သားအမိ ထမင်းစားရမှာပါ။ သားက ခြေထောက် အရမ်းနာနေလို့ ဖိနပ်ဝယ်ပေးရတာပါ။ ရတဲ့ အဝတ်လျှော်ခ ငွေတွေနဲ့ ဖိနပ်ဖိုး အကုန်ပေးလိုက်ရရင် ကျွန်မတို့ သားအမိ ထမင်း ငတ်တော့ – –” မုတ်ဆိုးမ စကားမဆုံးခင် သူဌေးက “အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ” လို့ပြန်မေးလိုက် တယ်။ “ဟို–ကျွန်မ သားလေးကလဲ မွေးကတည်းက ညာဘက် ခြေတစ်ဘက် မသန်တဲ့ ဒုက္ခိတလေး ဆိုတော့ သူဌေးဆီက ဝယ်သွားရမဲ့ ဖိနပ်ကို ဘယ်ဘက် ခြေထောက် တစ်ဘက်တည်းနဲ့ဘဲ စီးလို့ ရပါတယ်။ စီးလို့ မရတဲ့ ညာဘက်ဖိနပ် တစ်ဘက်ကိုလဲ ကျွန်မတို့ ယူမသွားပါဘူး၊ ကျွန်မ သားလေး ဟိုး–ငယ်ငယ် လေးက တည်းက ဒီဆိုင်မှာ ဖိနပ်ဝယ်တိုင်း ညာဘက် ဖိနပ် တစ်ဘက်ကို အမြဲတမ်း ချန် ချန် ထားခဲ့ရပါတယ်။ ဒီ တစ်ခါတော့ တစ်ဝက်ဈေးနဲ့ဘဲ” “တော်တော့” မုတ်ဆိုးမကြီး စကား မဆုံး လိုက်ရပါ။ “ဆိုင်ရှေ့က မြန်မြန်ထွက်သွား၊ နောက်နေ့ အဝတ် လျှော်ဘို့ လူလိုရင် မင်းတို့ သားအမိကို မခေါ်ဘဲ တခြားလူတွေကို ခေါ်လိုက်ရင် မင်းတို့သားအမိ ထမင်းလုံးဝ ငတ်သွားမယ် ကြားလား” ဆိုတဲ့ သူဌေး ကြီးရဲ့ အော်သံက လမ်းသွား လမ်းလာ တွေ တောင် လန့်သွားရလောက် ပါတယ်။ သူဌေးရဲ့ မိုးကြိုးသံလို အော်သံကြောင့် သား အမိ နှစ်ယောက် ခပ်မြန်မြန် ထွက်လာခဲ့ ကြပါတယ်။ မုတ်ဆိုးမကြီးရဲ့ နားထဲမှာတော့ မနက်က သူ အဝတ်လျှော်တုံးမှာ မီးဖို ချောင်ထဲမှာရှိတဲ့ ဖိနပ်ဆိုင်ပိုင်ရှင် သူဌေးကတော် က သူဌေးမင်းကို လှမ်းပြောတဲ့ စကားတစ်ခွန်းကို နားထဲမှာ ပြန်ကြား ယောင်နေမိပါ တော့ တယ်။ ဘာတဲ့၊ “မောင်ရေ ဟိုတစ်နေ့က ကျွန်မတို့ ဆိုင်ထဲမှာ အသုံးမလိုဘဲ ပိုနေတဲ့ ပုလင်းခွံတွေ၊ စက္ကူ စုတ်တွေနဲ့ ဟိုအဝတ်လျှော်တဲ့ မုတ်ဆိုးမကြီးရဲ့ ဒုက္ခိတ သားလေး ငယ်ငယ်ကတည်းက ဖိနပ်လာဝယ်တိုင်း သူစီးလို့ မရလို့ ချန်ထားခဲ့တဲ့ ညာ ဘက် ဖိနပ်တစ်ဘက် အပိုတွေ အားလုံးကို အဟောင်းဈေးနဲ့ ထုတ်ရောင်း လိုက်တာ ပိုက်ဆံတွေ အများကြီး ပြန်ရတယ်တော့ သိလား” တဲ့။

*အခန်း၂)* နောက် သုံးလခန့် ကြာသော်။ ဖိနပ်ဆိုင်ကြီး တစ်ဆိုင်ရှေ့မှာ ဆင်းရဲသား မုတ်ဆိုးမကြီး တစ်ယောက် ရပ်နေတယ်။ သူ့မျက်ဝန်းအစုံက ဆိုင်ထဲမှာ တင်ထားတဲ့ ဈေးအပေါ်ဆုံး ပြည်တွင်းဖြစ် ရာဘာ ဖိနပ်လေးတစ်ရံကို မျက်တောင်မခတ်တမ်း စူးစိုက် ကြည့်နေပါတယ်။ လိုချင်တာ တစ်ခုတည်းကြောင့် မဟုတ်ဘဲ လိုအပ်နေတဲ့ ဖိနပ်ကို မဝယ်မဖြစ် ဝယ်ရမှာ ဖြစ်လို့ ဝယ်သင့် မဝယ်သင့် အပြင်းအထန် ဆုံးဖြတ် နေရပါတယ်။ အဲဒီအချိန်မှာ ဆိုင်ထဲက ဆိုင်ပိုင်ရှင်သူဌေးကြီး ထွက်လာပြီး မုတ်ဆိုး မကြီးရဲ့ လက်ထဲကို အထုတ် တစ်ထုတ် လာထည့်ပေးလိုက်ပါတယ်။ မုတ်ဆိုးမ ကြီးက အထုတ်ကို ဖြည်ပြီး ဖွင့်လိုက်တဲ့ အခါမှာ – နိုင်ငံခြားဖြစ် နီနီရဲရဲ အကောင်းစား ရောင် စုံ ဘွတ်ဖိနပ် ဘယ်ဘက် တစ်ဘက်တည်းကို တွေ့လိုက်ရပါတယ်။ မုတ်ဆိုး မကြီးက “ဟို–ကျွန်မ ဒီလောက် အကောင်းစားကြီး ဝယ်ဖို့ ပိုက်ဆံ မရှိပါဘူးရှင်” လို့ပြောပြီး ဖိနပ်ကို ပြန်ပေးလိုက်ပါတယ်။ သူဌေးကြီးက ခေါင်းခါလိုက်ပြီး “ဒီဖိနပ်က မင်းကို ရောင်း တာမဟုတ်ပါဘူး။ မင်းရဲ့ ဒုက္ခိတသားလေးအတွက် လက်ဆောင် အဖြစ် အလ ကား ပေးတာပါ” လို့ ညင်ညင်သာသာ ပြန်ပြောပါတယ်။ မုတ်ဆိုးမကြီးက မယုံနိုင် ပါဘူး။ လွန်ခဲ့တဲ့ သုံးလလောက်က သူဌေးမင်း ဟိန်းဟောက်ခဲ့တဲ့ စကား တွေကို ပြန် ကြားယောင်ရင်း ခေါင်းကိုဘဲ တွင်တွင်ခါနေပါတယ်။ သူဌေး ကြီးက “ပြီးခဲ့တဲ့ နှစ်လ လောက်တုံးက ငါ့သားလေး ကားမှောက်ပြီး ဘယ် ဘက် ခြေ ထောက် အရိုးကြေ သွားလို့ ခြေတစ်ဘက် ဖြတ်လိုက်ရတယ်။ သူ တစ်သက်လုံး ဘယ်ဘက် ခြေထောက်နဲ့ ဖိနပ်စီးလို့ ရမှာ မဟုတ် တော့ဘူး။ မွေးနေ့ လက်ဆောင်အဖြစ် နိုင်ငံခြားက သူ့ ဦးလေး ပို့ပေး လိုက်တဲ့ ဒီဖိနပ်လေးက ငါ့ သားလေးအတွက် ညာဘက် တစ်ဘက်ဘဲ စီးလို့ ရတော့မှာဖြစ်တယ်။ ငါ့သားအတွက် အသုံး မဝင်တော့တဲ့ ဘယ် ဘက် ဖိနပ်က မင်းရဲ့ ဒုက္ခိတ သားလေး ဘယ်ဘက် ခြေ ထောက်နဲ့ အတော်ဘဲ ဖြစ် နေတာကို ငါ သတိရလိုက်မိတယ်။ ဒီနေ့က စပြီး မင်းရဲ့ သားလေး ဖိနပ်ဝယ်စရာ မလို တော့ဘူး။ နောက်ဆိုရင် သုံးလ တစ်ခါလောက် ငါ့သားဆီက ဘယ်ဘက် ဖိနပ် တစ်ဘက်ကို အမြဲ လာယူပါ။ သူတို့ နှစ်ယောက် ပေါင်းပြီး ဖိနပ်တစ်ရံကို အတူတူ ဘယ်တစ်ဘက် ညာတစ်ဘက်စီ စီးလို့ ရသွားပါ ပြီ”လို့ တိုးတိတ် ညင်သာ ကိုယ်ချင်း စာနာတဲ့ လေသံနဲ့ ပြန်ပြော လိုက်ပါတယ်။ မုတ်ဆိုးမကြီး မယုံနိုင်လောက်အောင် အံ့သြ သွားပါတယ်။ အဲဒီအချိန်မှာ သူဌေးမင်း ကြီးရဲ့ တိုက်အိမ်ထဲကနေ ဘယ်ခြေ တစ်ဘက်ပြတ်နေတဲ့ သူဌေးသားလေး က ချိုင်း ထောက်လေး ထောက်ပြီး ထွက်လာပါတယ်။ မုတ်ဆိုးမကြီးက သူဌေးမင်းကို ပြန်ကြည့် လိုက်တော့ သူဌေးမင်းရဲ့ ညာဘက် မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ စီးကျလာ ပါတယ်။ မုတ်ဆိုးမကြီးရဲ့ ဘယ်လက် မျက်လုံးအိမ်ထဲကလဲ မျက်ရည်တွေ စီးကျ လာပါတယ်၊ သူဌေးသားနဲ့ မုတ်ဆိုးမရဲ့ သားလေးတွေကတော့ တစ်ယောက်ကို တစ်ယောက် ပုခုံးချင်းဘက်ပြီး ချိုင်းထောက် တစ်ဘက်စီနဲ့ ဆော့ကစားဖို့ခြံ အပြင် ကို ထွက်သွားကြတယ်။

***မင်းအောင်သက်လွှင်*** (ကိုယ်တိုင်ရေး စာမူ ဖြစ်သောကြောင့် တိုက်ဆိုင် မှုရှိလျှင် ခွင့်လွှတ်ပါ) *အကြင်ချိန် တင်းပမာဏနှင့် သူတပါးအား ပေး၏ ထိုပမာဏ အတိုင်း ကိုယ်ခံ ရကြမည်။ မဿဲ၇း၂(ခ)။*

